ကုမ္ပဏီအမည် - World Lab Myanmar Company Limited
လုပ်ငန်း - Dental Restorations

စဥ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့် နေ့စွဲ	မှတ်ချက်
၁	World Lab Myanmar Company Limited မှ အဆိုပြုလွှာ တင်ပြခြင်း။	၃-၃-၂၀၁၆		
၂	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေး (၁၀/၂၀၁၆) သို့တင်ပြခြင်း။	၇-၃-၂၀၁၆		
၃	အဆိုပြုချက်လက်ခံကြောင်းနှင့် ဆုံးဖြတ်ချက်အားပြန်ကြားခြင်း။	၁၅-၃-၂၀၁၆		
၄	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး	၁၅-၃-၂၀၁၆	၂၅-၃-၂၀၁၆	(၅၀) ရက်
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၁၅-၃-၂၀၁၆	၂၄-၃-၂၀၁၆	
	(ဂ) ကျန်းမာရေးဝန်ကြီးဌာန	၁၅-၃-၂၀၁၆	၄-၅-၂၀၁၆	
၅	**မြေအသုံးပြုခွင့်တင်ပြခြင်း**			
	(က) ကော်မရှင်အစည်းအဝေး (၁၃/၂၀၁၆) သို့တင်ပြခြင်း	၈-၇-၂၀၁၆		
၆	ကုမ္ပဏီမှပြင်ဆင်ပြီး အဆိုပြုလွှာများ ပေးပို့ခြင်း	၁-၇-၂၀၁၆		
၇	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၃/၂၀၁၆) သို့ တင်ပြခြင်း။	၈-၇-၂၀၁၆		
	စုစုပေါင်း ကြာမြင့်ရက် (၁၂၅) ရက်			(၃-၃-၂၀၁၆) မှ (၈-၇-၂၀၁၆) ထိ

ကုမ္ပဏီအမည်	-	**World Lab Myanmar Company Limited**
အဖွဲ့အစည်းပုံသဏ္ဌာန်	-	ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု World Lab INC (ဂျပန်) ၉၉% Dr.Tun Tun Thwe(မြန်မာ) ၁%
လုပ်ငန်းအမျိုးအစား	-	**Dental Restorations**
တည်နေရာ	-	ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၉၄၊ အမှတ် ၁၃၀-က
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	US$ ၈၅၀,၀၀၀
ဝန်ဆောင်မှုပေးမည့်စနစ်	-	ပြည်တွင်း/ပြည်ပ
လုပ်ငန်းသက်တမ်း	-	၅၀ နှစ်
အရင်းကြေကာလ	-	၉ နှစ်
IRR	-	၂၁.၀၉ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစု တင်ပြအပ်ပါသည် -

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၃.၀၀ သန်း(တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		ကျပ် ၁.၁၇ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၂၆.၄၄ သန်း	
၄	ဝင်ငွေခွန်	ကျပ် ၂၂၄.၉၁ သန်း	ကျပ် ၂၃၀.၃၅ သန်း
၅	ကုန်သွယ်လုပ်ငန်းခွန်		ကျပ် ၂၉၃.၆၇ သန်း
၆	လောင်စာဆီ		
၇	လျှပ်စစ်မီးသုံးစွဲခ		
၈	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ် သိန်း (၄၈) ကျော်ပါက အခွန်ပေးရမည့်ဝန်ထမ်း (၁၆) ဦး
၉	မြေနှင့်အဆောက်အဦး ငှားရမ်းခရငွေ		ကျပ် ၇၂၀.၀၀ သန်း
၁၀	CSR (%)		ကျပ် ၂၃.၃၅ သန်း
၁၁	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၄၇ ဦး
			ပြည်တွင်းလုပ်သား (၄၇) ဦး အလုပ်အကိုင် ရရှိမည်ဖြစ်၍ ဒေသအလုပ် အကိုင်အခွင့် အလမ်းနှင့် ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုကို အထောက်အကူပြုစေပါသည်။
	စုစုပေါင်း	ကျပ် ၂၅၄.၃၅ သန်း	ကျပ် ၁၂၆၈.၅၄ သန်း
		၁း၄	

အကြောင်းအရာ။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် World Lab Myanmar Company Limited တည်ထောင်၍ Dental Restorations လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/ကမကထပြုသူ	- World Lab Myanmar Company Limited Mr.Kanichi Minami(Japanese)
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု - World Lab INC (ဂျပန်) ၉၉ % - Dr.Tun Tun Thwe (မြန်မာ) ၁ %
	လုပ်ငန်းအမျိုးအစား	- Dental Restorations
၂။	လုပ်ငန်းတည်နေရာ	- မြေတိုင်းရပ်ကွက်အမှတ်- ၃၉၄၊ မြေကွက်အမှတ် ၁/စ^(က-w)၊ အမှတ် - ၁၃၀-က စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
	မြေပိုင်ရှင်	- ဒေါ်ဝင်းဝင်းရွှေ
	မြေအကျယ်အဝန်း	- ၀.၁၂၆ ဧက (၅၀၉.၉၀၄ စတုရန်းမီတာ)
၃။	နှစ်စဉ်မြေနှင့်အဆောက်အဦငှားရမ်းခနှုန်း	- US$ ၆၀,၀၀၀ နှုန်း (နှစ်ထပ်အဆောက်အဦ(၁)လုံးပါ) (တစ်စတုရန်းမီတာလျှင် US$ ၁၁၇.၆၆၉)
	မြေငှားကာလ	- ကနဦး ၁၀ နှစ်
၄။	လုပ်ငန်းသက်တမ်း	- ၅၀ နှစ်
	တည်ဆောက်ရေးကာလ	- ၆ လ
၅။	စုစုပေါင်း မတည်ငွေရင်း	- US$ ၈၅၀,၀၀၀
	ထည့်ဝင်မည့် အမျိုးအစား	

(US$)

	နိုင်ငံခြား	မြန်မာ	စုစုပေါင်း
Currency	၂၂၅,၁၄၆	၈,၅၀၀	၂၃၃,၆၄၆
Machinery Equipment (To be Imported)	၂၀၃,၂၀၉	-	၂၀၃,၂၀၉
Machinery Equipment (Local Purchase)	၁၇၅,၅၈၁	-	၁၇၅,၅၈၁
Raw Materials (To be Imported)	၂၃၇,၅၆၄	-	၂၃၇,၅၆၄
စုစုပေါင်း	၈၄၁,၅၀၀	၈,၅၀၀	၈၅၀,၀၀၀

၆။	**ဝန်ထမ်းအင်အား**	- ၄၉ ဦး
	ပြည်တွင်း	- ၄၇ ဦး (အနိမ့်ဆုံးဝန်ထမ်းလစာမှာ US$ ၁၅၀) (အမြင့်ဆုံးဝန်ထမ်းလစာမှာ US$ ၄,၀၀၀)
	ပြည်ပ	- ၂ ဦး (အနိမ့်ဆုံးဝန်ထမ်းလစာမှာ US$ ၂,၄၀၀) (အမြင့်ဆုံးဝန်ထမ်းလစာမှာ US$ ၅,၀၀၀)
၇။	ဝန်ဆောင်မှုပေးမည့်စနစ်	- ပြည်တွင်း/ပြည်ပ
၈။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမနှစ်) ကုမ္ပဏီ၏ အသုံးစရိတ် ကုမ္ပဏီ၏ အသားတင်အမြတ်	- US$ ၁.၂၃၄ သန်း - US$ ၁.၁၁၉ သန်း - US$ ၀.၁၁၅ သန်း
၉။	နိုင်ငံတော်မှ ရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမနှစ်)	
	ဝင်ငွေခွန် ကုန်သွယ်လုပ်ငန်းခွန်	- US$ ၃၈,၃၉၂ - US$ ၂၈,၆၃၁
၁၀။	အရင်းကြေကာလ	- ၉နှစ်
၁၁။	အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၂၁.၀၉ %
၁၂။	လျှပ်စစ် ဓါတ်အား သုံးစွဲမှု (နှစ်စဉ်)	- ၂၇၀,၀၀၀ kWh
	ရေသုံးစွဲမှု	- ၅၀၀,၀၀၀ liter
၁၃။	ဆဋ္ဌမနှစ်ဝန်ဆောင် နိုင်မည့် အရေအတွက် နှင့် နှုန်းထား (ပြည်တွင်း/ပြည်ပ)	(US$) အရေအတွက် / နှုန်းထား / စုစုပေါင်းဝင်ငွေ
	Denture	၉,၀၀၀ / ၆၁.၆၀ / ၅၅၄,၄၀၀
	Crown	၂၇,၃၀၀ / ၂၄.၉၀ / ၆၇၉,၇၇၇
၁၄။	ပြည်ပမှ အခွန်အကောက်ကင်းလွတ်ခွင့်တောင်းခံခြင်း လုပ်ငန်းသုံးပစ္စည်း၊ စက်ကိရိယာပစ္စည်းများ	- US$ ၂၀၃,၂၀၉

၁၅။	CSR	- CSR လုပ်ငန်းများအတွက် နှစ်စဉ်အသား တင်အမြတ်ငွေ၏ ၂% ကို အသုံးပြုမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၆။	မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်	- မီးဘေးလုံခြုံရေး စီမံချက် အစီရင်ခံစာကို တင်ပြထားပါသည်။
၁၇။	အခြားတင်ပြချက်	- ငွေကြေး အထောက်အထားအဖြစ် (၁-၄-၂၀၁၆) ရက်နေ့တွင် Dr Tun Tun Thwe အမည်ဖြင့် KBZ ဘဏ်၌ ကျပ် ၂၃,၉၈၅.၈၇ ၊ World Lab Myanmar Co.,Ltd ၏ KBZ ဘဏ်တွင် (၂၁-၉-၂၀၁၅) ရက်စွဲဖြင့် US$ ၁၇၀,၀၀၀ ရှိကြောင်းနှင့် World Lab Inc ၏ ၂၀၁၄-၂၀၁၅ ခုနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများ တင်ပြထားပါသည်။ - မြေပိုင်ရှင် ဒေါ်ဝင်းဝင်းဌေးနှင့် World Lab Myanmar Company Limited တို့ချုပ်ဆိုမည့် မြေငှားစာချုပ် (မူကြမ်း)၊ ဖက်စပ်စာချုပ်(မူကြမ်း)၊ World Lab Myanmar Co.,Ltd ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ World Lab INC ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် တို့ကို တင်ပြထားပါသည်။ - ရင်းနှီးမြှုပ်နှံသူများ၏ Passport (မိတ္တူ)များနှင့် နိုင်ငံသားစိစစ်ရေးကဒ်(မိတ္တူ) တို့အား တင်ပြထားပါသည်။ - ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်းများ၏ ဓါတ်ပုံများ တင်ပြထားပါသည်။ - World Lab Myanmar Company Limited မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာရေး စီမံချက်၊ CSR၊ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး စီမံချက်များ တင်ပြထားပါသည်။
၁၈။	စိစစ်တင်ပြချက်	- သွားနှင့်ဆိုင်သော ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ကျွမ်းကျင်ဝန်ထမ်းများဖြင့် သွားနှင့်ပတ်သက်၍ စစ်ဆေးမှုများ ပြုလုပ်ပေးမည် ဖြစ်ပါ သည်။ - အဆိုပါလုပ်ငန်းသည် ၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်သော အမိန့် ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ တွင် ကျန်းမာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ဖြင့် နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့် ခွင့်ပြုနိုင်သော လုပ်ငန်း အမျိုးအစား ဖြစ်ပါသည်။ - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၇(က)၊ (ဓ) နှင့်(ည) ပါအတိုင်း ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့်များ ရရှိမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊မရက-၅(အ)/န- ၁၁၈/၂၀၁၆ (၃၆၄)
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့
တင်ပြသည့် အမှာစာ

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် World Lab Myanmar Company Limited တည်ထောင်၍ Dental Restorations လုပ်ငန်းဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ ဂျပန်နိုင်ငံ World Lab INC မှ ၉၉ %၊ မြန်မာနိုင်ငံ Dr.Tun Tun Thwe ၁ % ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် World Lab Myanmar Co.,Ltd တည်ထောင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၉၄၊ မြေကွက်အမှတ် ၁/စ^က-ဃ^၊ အမှတ် - ၁၃၀-က ရှိ မြေ(၀.၁၂၆) ဧက ပေါ်တွင် Dental Restorations လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ပြုပါရန် World Lab Myanmar Co.,Ltd မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေနှင့်အဆောက်အဦငှားရမ်းခြင်းစာချုပ်(မူကြမ်း)၊ ဖက်စပ်စာချုပ် (မူကြမ်း)၊ World Lab Myanmar Co.,Ltd ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ World Lab INC ၏ Financial Statement၊ World Lab INC ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် တို့ကို ပူးတွဲတင်ပြ ထားပါသည်။

၃။ အဆိုပြုလုပ်ငန်းဆောင်ရွက်မည့် နေရာတွင် ၂ ထပ်အဆောက်အဦတစ်လုံးပါဝင်မည်ဖြစ်ပြီး မြေနှင့်အဆောက်အဦအကျယ်အဝန်းမှာ ၀.၁၂၆ ဧက(၅၀၉.၉၀၄ စတုရန်းမီတာ)အား တစ်နှစ် US$ ၆၀,၀၀၀ နှုန်း တစ်နှစ် တစ်စတုရန်းမီတာလျှင် US$ ၁၁၇.၆၆၉ နှုန်းဖြင့် ကနဦး (၁၀) နှစ် ငှားရမ်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ လုပ်ငန်းသက်တမ်းကာလမှာ ကနဦး (၅၀) နှစ် ဖြင့် (၁၀) နှစ် (၂) ကြိမ် သက်တမ်းတိုး ဆောင်ရွက်မည်ဖြစ်ပြီး တည်ဆောက်ရေးကာလမှာ ၆ လ ကြာမြင့်မည်ဖြစ်ပါသည်။

၅။ အဆိုပြုလုပ်ငန်း၏ စုစုပေါင်းမတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၈၅၀,၀၀၀ ဖြစ်ပြီး လုပ်ငန်းသုံးပစ္စည်းများ၊ စက်ကိရိယာပစ္စည်း တန်ဖိုးအမေရိကန်ဒေါ်လာ ၂၀၃,၂၀၉ နှင့် ကုန်ကြမ်းပစ္စည်း တန်ဖိုးအမေရိကန်ဒေါ်လာ ၂၃၇,၅၆၄ ပြည်ပမှ တင်သွင်းမည်ဖြစ်ကြောင်း တင်ပြ ထားပါသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် ထည့်ဝင်မှု အမျိုးအစားများမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

			အမေရိကန်ဒေါ်လာ
ရင်းနှီးမြှုပ်နှံမှုပမာဏ	နိုင်ငံခြား	မြန်မာ	စုစုပေါင်း
Currency	၂၂၅,၁၄၆	၈,၅၀၀	၂၃၃,၆၄၆
Machinery Equipment (To be Imported)	၂၀၃,၂၀၉		၃၇၈,၇၉
Machinery Equipment (Local Purchase)	၁၇၅,၅၈၁		
Raw Materials (To be Imported)	၂၃၇,၅၆၄		၂၃၇,၅၆၄
စုစုပေါင်း	၈၄၁,၅၀၀	၈,၅၀၀	၈၅၀,၀၀၀

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းဝန်ထမ်း (၄၇) ဦးနှင့် ပြည်ပဝန်ထမ်း(၂)ဦး စုစုပေါင်း(၄၉)ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်း အနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၁၅၀ နှင့် အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၄,၀၀၀ ဖြစ်ပြီး ပြည်ပအနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၂,၄၀၀ နှင့် အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၅,၀၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှာ သွားနှင့်ပတ်သက်သော ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ကျွမ်းကျင်ဝန်ထမ်းများဖြင့် သွားနှင့်ပတ်သက်၍ စစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ လိုအပ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ အဆိုပြုလုပ်ငန်း၏ ဆဋ္ဌမနှစ်ဝန်ဆောင်နိုင်မည့်အရေအတွက်နှင့်နှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

		အမေရိကန်ဒေါ်လာ
အမျိုးအမည်	အရေအတွက်	နှုန်းထား
Denture	၉,၀၀၀	၆၁.၆၀
Crown	၂၇,၃၀၀	၂၄.၉၀

၉။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် ၆ နှစ်မြောက်တွင် ရရှိမည့်ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

		အမေရိကန်ဒေါ်လာ(သန်း)
(က)	ဝင်ငွေ	၁.၂၃၄
(ခ)	အသုံးစရိတ်	၁.၁၁၉
(ဂ)	အသားတင်အမြတ်	၀.၁၁၅

၁၀။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် ၆နှစ် မြောက်တွင်ရရှိမည့် အကျိုးအမြတ်ခန့်မှန်းခြေမှာ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၃၈,၃၉၂ နှင့် ကုန်သွယ်လုပ်ငန်းခွန် ၂၈,၆၃၁ ရရှိမည်ဖြစ်ပါသည်။ အရင်းကြေကာလမှာ ၉ နှစ် ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန် ပေါ်နှုန်း IRR မှာ ၂၁.၀၉ % ဖြစ်ပါသည်။ (အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁၂၀၀ နှုန်းဖြင့် တွက်ချက်ထားပါသည်)

၁၁။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ သဘောထား တောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါ သည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ** ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါကြောင်း၊ အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား (၅၀)ဦးခန့်၊ Techni -cian (၁၃)ဦး+ ဝန်ထမ်း(၁၀)ဦး အလုပ်အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အကူဖြစ်စေပါကြောင်း၊ အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ပြည်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်-၃၉၄၊ အမှတ် ၁၃၀-က၊ မြေ(၀.၁၂၆)ဧက(၅၀၉.၉၀စတုရန်းမီတာ) အား တစ်နှစ်လျှင် (1sqm=117.8 USD) နှုန်းဖြင့် (၁၀)နှစ် ငှားရမ်းဆောင်ရွက်ခြင်း အပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်း လုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါကြောင်းနှင့် ၂၀၁၆ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၃/၂၀၁၆) အရ World Lab Myanmar Company Limited ၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြထားပါသည်။ **နောက်ဆက်တွဲ-က**

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ** အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေး အကျိုးပြုလုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု(Corporate Social

Responsibility – CSR) အတွက် အသားတင်အမြတ်ငွေ၏ (၂%) ကို အသုံး ပြုခြင်း အပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံး ဖြစ်စေရမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများ အတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP)အား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲ တင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြဋ္ဌာန်း ထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် သဘောထားမှတ်ချက် ပြန်ကြား ထားပါသည်။ **(E Guard Environmental Services Co.,Ltd. နှင့်** ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) **အစီရင်ခံစာ (၃)လအတွင်း ရေးဆွဲပြီး ပြန်လည်တင်ပြမည်ဖြစ်ကြောင်း ကုမ္ပဏီမှ တင်ပြထား ပါသည်)** **နောက်ဆက်တွဲ-ခ**

(ဂ) **ကျန်းမာရေးဝန်ကြီးဌာနမှ** ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှုကြောင့် ဒီပလိုမာဘွဲ့ ရရှိထားပြီးသော သွားတု လုပ်ငန်းကျွမ်းကျင်သူ (Dental Technician) များ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာနိုင်၍ နိုင်ငံတော် အတွက် အကျိုးရှိနိုင်သော်လည်းလာရောက် လုပ်ကိုင်မည့် နိုင်ငံခြားသားများ၏ ပညာအရည်အချင်းနှင့်ပတ်သက်၍ စိစစ်သင့်ပါကြောင်း၊ လုပ်ဆောင်မည့်လုပ်ငန်း ၏ သဘောသဘာဝ (Job Description) နှင့် ပတ်သက်၍ တိကျစွာ ဖော်ပြရန်နှင့် ရင်းနှီးမြှုပ်နှံသူများက အပြည့် အဝတာဝန်ခံရန်၊ Waste Product များ စနစ် တကျစွန့်ပစ်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချမှတ် ထားသော မူဘောင်အတွင်းသာ ဆောင်ရွက်ရန် ၊ World Lab Myanmar Company Limited အနေဖြင့် Dental Treatment လုပ်ငန်း မပါဝင်စေဘဲ Dental Restorations လုပ်ငန်း သက်သက်သာ ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံသား သွားတုလုပ်ငန်းကျွမ်းကျင် ဒီပလိုမာလက်မှတ်ရ သွားတုလုပ်ငန်း ကျွမ်းကျင်သူများ အတွက် အသစ်များ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ အဆင့်မြင့် သွားတုလုပ်ငန်း နည်းပညာများကို မြန်မာသွားတုလုပ်ငန်း ကျွမ်းကျင်သူများ အနေဖြင့် တတ်ကျွမ်း လုပ်ကိုင်နိုင်စေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု

တစ်ခုဖြစ်သဖြင့် သဘောထားမှတ်ချက်ကိုရက်သတ္တပတ်တစ်ပတ်အတွင်းပြန်ကြား ပေးပါရန် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှ ပြည့်ပြည့်စုံစုံ၊ စနစ်တကျ၊ လေ့လာသုံး သပ်ရန် အချိန်နည်းသည်ဟု ယူဆပါကြောင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာ ဝန်များနှင့် သွားဆေးခန်းများအတွက် သွားတုများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဖြစ်သဖြင့် **နိုင်ငံတော်အတွက် လိုအပ်သောကွက်လပ်ကို ဖြည့်စွက်ပေးသဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း၊** တင်ပြချက်များ သည် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် သာဖြစ်သင့်ပြီး၊ ဂျပန်ဘာသာများကို အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆို သင့် ကြောင်း၊ သွားတုများ၏ အရည်အသွေး ကောင်းမွန် ခြင်း၊ အရည်အသွေး အစဉ်အမြဲ ထိန်းသိမ်းခြင်းနှင့် သုံးစွဲသူများအတွက် အန္တရာယ်ကင်းရှင်းရန်အတွက် အစား အသောက်နှင့်ဆေးဝါးကွပ်ကဲ ရေးဦးစီးဌာန၏ ခွင့်ပြုချက်နှင့် ကြီးကြပ်ထိန်းသိမ်း ရေးများ လိုအပ်သည်ဟု သုံးသပ်ပါကြောင်း ပြန်ကြား ထားပါသည်။ **(ကုမ္ပဏီ မှ ကျန်းမာရေးဝန်ကြီးဌာန သဘောထားမှတ်ချက်နှင့် အညီဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်တင်ပြထားပါသည်)** နောက်ဆက်တွဲ(ဂ)

၁၂။ ငွေကြေး အထောက်အထားအဖြစ် (၁-၄-၂၀၁၆) ရက်နေ့တွင် Dr Tun Tun Thwe အမည်ဖြင့် KBZ ဘဏ်၌ ကျပ် ၂၃,၉၈၅.၈၇ ၊ World Lab Myanmar Co.,Ltd ၏ KBZ ဘဏ်တွင် (၂၁-၉-၂၀၁၅) ရက်စွဲဖြင့် US$ ၁၇၀,၀၀၀ ရှိကြောင်းနှင့် World Lab Inc ၏ ၂၀၁၄-၂၀၁၅ ခုနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများ တင်ပြထားပါသည်။

၁၃။ မီးဘေးကာကွယ်ရေးအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းသာယာရေးစီမံချက်၊ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးစီမံချက်များ CSR အနေဖြင့် လုပ်ငန်း လည်ပတ်မှုမှရရှိမည်ဟု ခန့်မှန်းထားသည့် အသားတင်အမြတ်ငွေမှ ၂%ကို ပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ ထိခိုက်မှုလုပ်ငန်းအစီအစဉ်များတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထား ပါသည်။

၁၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုခံစား ခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၅။ အဆိုပါလုပ်ငန်းသည် ၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်သော အမိန့် ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ တွင် ကျန်းမာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် နိုင်ငံသား နှင့် ဖက်စပ်စနစ်ဖြင့် ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။

၁၆။ အဆိုပြုလုပ်ငန်းအား ၂၀၁၆ ခုနှစ် မတ်လ ၇ရက်နေ့တွင် ကျင်းပပြုလုပ်သော အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၁၀/၂၀၁၆) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၁၇။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အဆိုပြုလုပ်ငန်းအားပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက် ခွင့်အား ၂၀၁၆ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ တွင် ကျင်းပမည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး (၁၃/၂၀၁၆) အစည်း အဝေးသို့ တင်ပြမည်ဖြစ်ပါသည်။

စိစစ်တင်ပြချက်

၁၈။ ဤလုပ်ငန်းသည် နိုင်ငံတကာအဆင့်မီ Dental Restorations လုပ်ငန်းဖြစ်သော ကြောင့် မြန်မာနိုင်ငံတွင် ဤရင်းနှီးမြှုပ်နှံမှုကို လက်ခံမည်ဆိုပါက အလုပ်အကိုင် အခွင့်အလမ်းရရှိမည့် ဖြစ်သည့်အပြင် အဆင့်မြင့်သွားတုလုပ်ငန်း နည်းပညာများကို မြန်မာသွားတုလုပ်ငန်းကျွမ်းကျင် သူများအနေဖြင့် တတ်ကျွမ်းလုပ်ကိုင်နိုင်စေ မည်ဖြစ်ပါကြောင်း သုံးသပ်ရပါသည်။

ဆုံးဖြတ်ရန်အချက်

၁၉။ သို့ဖြစ်ပါ၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် World Lab Myanmar Company Limited မှ Dental Restorations လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် World Lab Myanmar Company Limited မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက် တင်ပြလာခြင်း ကိုစွန့်စပ်လျဉ်း၍ ကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊အတွင်းရေးမှူး)

၇

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	World Lab Myanmar Company Limited	(၁) Mr. Kanichi Minami Japan PP No. MU2418181	Horinouchi-cho 1-6 Main Stage Kawasaki 305. Kawasaki-ku,Kawasaki-shi, Japan
		(၂) Mr.Koji Amakawa Japan PP No. TZ0661898	Horinouchi-cho 1-6 Main Stage Kawasaki 305. Kawasaki-ku,Kawasaki-shi, Japan
		(3) Dr.Tun Tun Thwe Myanmar 9/MaKaNa(N)089079	No.1C, Bogyoke Museum Street,Bocho(2)Ward, Bahan Township

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ - ၀၉-၅၁၉၁၅၃၄

၂။ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ -

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - ဒေါက်တာထွန်းထွန်းသွယ်(Director)

၄။ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - Dental Restorations

၅။ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - ၃၇ အက်ဖ်စီ/၂၀၁၅-၂၀၁၆(နပတ)

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ - ၁-၃-၂၀၁၆

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် -

တိုင်းဒေသကြီးအစိုးရအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

MY - 322

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **နောက်ဆက်တွဲ(က)**

တိုင်းဒေသကြီးအစိုးရအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၄၃) / စိုက်မွေး

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မတ် လ ၂၅ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅. ၃. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/ န-၀၁၈/ ၂၀၁၆(၁၆၃)

၁။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် World Lab Myanmar Company Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၄၊ အမှတ် ၁၃၀-က၊ မြေ(၀. ၁၂၆)ဧကပေါ်တွင် Dental Restorations လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား (၅၀)ဦးခန့်၊ Technician(၁၃)ဦး+ ဝန်ထမ်း(၁၀)ဦး လုပ်အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း ရပ်ကွက်၊ ပြည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၄၊ အမှတ် ၁၃၀-က၊ မြေ(၀. ၁၂၆)ဧက (၅၀၉. ၉၀ စတုရန်းမီတာ)အား တစ်နှစ်လျှင်(1sqm=117.8 USD) နှုန်းဖြင့်(၁၀)နှစ် ငှားရမ်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါသည်။

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

D/2016/Cabinet/13..(15)

၂။ အထက်ဖော်ပြပါအချက်များကြောင့် (၂၄. ၃. ၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၆)၊ ဆုံးဖြတ်ချက်အပိုဒ်(၇၈)အရ World Lab Myanmar Company Limited ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြ အပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
World Lab Myanmar Company Limited
လက်ခံစာတွဲ
မျှောစာတွဲ

D/2016/Cabinet/13.,(16)

M4 - 293
24.3.16

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥ္စာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ ရန်ကုန်မြို့ စာအမှတ် ...... ရက်စွဲ ......

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊၀၀၁/ MIC(OSS) /၀၁(၁၁၀ /၁၆)
ရက် စွဲ ၊၂၀၁၆ခုနှစ် မတ် လ ၂၄ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **World Lab Myanmar Company Limited မှ Dental Restoration လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၅-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/ န-၀၁၈/ ၂၀၁၆(၁၆၅)

၁။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် World Lab Myanmar Company Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၄၊ အမှတ်-၁၃၀(က)၊ မြေ ၀.၀၁၂၆ဧကပေါ်တွင် Dental Restoration လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းကိစ္စနှင့် ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့်အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုအဆိုပြုသက်တမ်းမှာ(၁၀)နှစ်ဖြစ်ပြီး၊ တည်ဆောက်ရေးကာလမှာ(၆)လဖြစ်ကြောင်း၊ ပလပ်စတစ်သွားနှင့်စိုက်သွားများကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ မီးဘေးကာကွယ်ရေးစီမံချက်၊ ဝန်ထမ်းများသက်သာချောင်ချိရေး အစီအစဉ်များကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏(၂%)အား လူမှုရေးအကျိုးပြုလုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility– CSR)လုပ်ငန်းများတွင်ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုများကို ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် Waste Water Treatment System ကို အသုံးပြုဆောင်ရွက်

သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၃။ World Lab Myanmar Company Limited မှ Dental Restoration လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းအဖြစ်အသုံးပြုမည့် Plastic သည်ဆွေးမြေ့ရန်အချိန်ကြာမြင့်ပြီး မြေဆီလွှာထိခိုက်ပျက်စီးခြင်း၊ ထွက်ရှိလာမည့်စွန့်ပစ်ရေဆိုးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ လုပ်ငန်းအဆင့်တိုင်းတွင်စက်များ အသုံးပြု၍ဆောင်ရွက်မည်ဖြစ်သဖြင့် အသံဆူညံခြင်းနှင့်ညှော်နံ့များကြောင့် ပတ်ဝန်းကျင်ပြည်သူများအားအနှောက်အယှက်ဖြစ်စေခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ World Lab Myanmar Company Limited မှ Dental Restoration လုပ်ငန်းများအားဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီးလုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးအကျိုးပြုလုပ်ငန်းများတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility–CSR)အတွက် အသားတင်အမြတ်ငွေ၏(၂%)ကို အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမရှိစေရေး(သို့မဟုတ်)ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက်သုံးစွဲမည့်ရန်ပုံငွေစသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** (Environmental Manangement Plan – EMP)အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြရန်နှင့်စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်။

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

နောက်ဆက်တွဲ(ဂ)

စာအမှတ်၊ ဇမခ(က)၂၀၁၆(ဂ)/ ၁၀၄၀

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ(၄)ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက် ညှိနှိုင်းပြန်ကြားခြင်း။

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅-၃-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/န-၀၁၈/၂၀၁၆(၁၆၄)။

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် World Lab Myanmar Company Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးရပ်ကွက်၊ ပြည်လမ်း၊ အမှတ် ၁၃၀(က)၊ မြေ(၀.၁၂၆) ကေပေါ်တွင် Dental Restorations လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခဲ့ပါသဖြင့် သဘောထားမှတ်ချက်အား ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် ညှိနှိုင်းခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အောက်ပါသဘောထားမှတ်ချက်များနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း ညှိနှိုင်းပြန်ကြားအပ်ပါသည် -

(က) ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှုကြောင့် ဒီပလိုမာဘွဲ့ရရှိထားပြီးသော သွားတုလုပ်ငန်းကျွမ်းကျင်သူ (Dental Technician)များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာနိုင်၍ နိုင်ငံတော်အတွက်အကျိုးရှိနိုင်သော်လည်း လာရောက်လုပ်ကိုင်မည့် နိုင်ငံခြားသားများ၏ ပညာအရည်အချင်းနှင့်ပတ်သက်၍ စိစစ်သင့်ပါကြောင်း၊ လုပ်ဆောင်မည့်လုပ်ငန်း၏ သဘောသဘာဝ(Job Description)နှင့်ပတ်သက်၍ တိကျစွာဖော်ပြရန်နှင့် ရင်းနှီးမြှုပ်နှံသူများက အပြည့်အဝတာဝန်ခံရန်၊ Waste Product များ စနစ်တကျစွန့်ပစ်ရန် လိုအပ်ပါကြောင်း၊

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချမှတ်ထားသော မူဘောင်အတွင်းသာ ဆောင်ရွက်ရန်၊ World Lab Myanmar Company Limited အနေဖြင့် Dental Treatment လုပ်ငန်းမပါဝင်စေဘဲ Dental Restorations လုပ်ငန်းသက်သက်သာ ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံသားသွားတု လုပ်ငန်းကျွမ်းကျင်ဒီပလိုမာလက်မှတ်ရ သွားတုလုပ်ငန်းကျွမ်းကျင်သူများအတွက် အသစ်များ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်သွားတုလုပ်ငန်း

နည်းပညာများကို မြန်မာသွားတုလုပ်ငန်း ကျွမ်းကျင်သူများအနေဖြင့် တတ်ကျွမ်းလုပ်ကိုင်နိုင်စေမည်ဖြစ်ပါကြောင်း၊

(ဂ) နိုင်ငံတော်၏ အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သဖြင့် သဘောထားမှတ်ချက်ကို ရက်သတ္တပတ်တစ်ပတ်အတွင်း ပြန်ကြားပေးရန် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှ ပြည့်ပြည့်စုံစုံ၊ စနစ်တကျ၊ လေ့လာသုံးသပ်ရန် အချိန်နည်းသည်ဟု ယူဆပါကြောင်း၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်များနှင့် သွားဆေးခန်းများအတွက် သွားတုများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဖြစ်သဖြင့် နိုင်ငံတော်အတွက် လိုအပ်သောကွက်လပ်ကို ဖြည့်စွက်ပေးသဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း၊ တင်ပြချက်များသည် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်သာဖြစ်သင့်ပြီး၊ ဂျပန်ဘာသာများကို အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုသင့်ကြောင်း၊ သွားတုများ၏ အရည်အသွေးကောင်းမွန်ခြင်း၊ အရည်အသွေးအစဉ်အမြဲထိန်းသိမ်းခြင်းနှင့်သုံးစွဲသူများအတွက် အန္တရာယ်ကင်းရှင်းရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက်နှင့် ကြီးကြပ်ထိန်းသိမ်းရေးများ လိုအပ်သည်ဟု သုံးသပ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန်)

Form (1)

Proposal Form of Investor/ Promoter for the Investment to be made

in the Republic of the Union of Myanmar

To

Chairman

Myanmar Investment Commission

Reference No.

Date. June 2016

I do apply for the permission to make investment in the Republic of the Union of Myanmar in accordance with the Foreign Investment Law by furnishing the following particulars:-

1. The Investor's or Promoter's:

(a)	Name	:Kanichi Minami........................
(b)	Father's Name	:Zentaro Minami........................
(c)	National Registration Card No.	: MU2418181...........................
(d)	Citizenship	:Japanese.........................
(e)	Address	:Horinouchi-cho 1-6 Main Stage KAWASAKI 305 .Kawasaki ku, Kawasaki-shi, JAPAN
(f)	Name of Principal Organization	:WORLD LAB Inc.
(g)	Type of business	: Dental Laboratory
(h)	Principal Company's Address	: 3-2-25 Miyuki-Chou , Akiha-Ku Nigata , Japan

2.If the investment business is formed under joint Vrnture,partners':-

<u>Joint Venture Partner :</u>

(a)	Name	: Dr, Tun Tun Thwe **(9/Makana/Naing/089079)**

(b) Incorporated Registration No . : NA.

(c) Incorporated in : NA

(d) Address : ………………………………………………

(i) Address in Myanmar : 1 C Bogyoke Museum Street, Bo Cho 2 Quarter, Bahan Township, Yangon Myanmar

(ii) Residence abroad : ……………………………………………..

(e) Type of business : **Dental Surgeon**……………………

………………………………………………

Remark: The following documents are attached in

Annex (1) Company Registration Certificate

Annex (2) National Registration Card Copies of Local Directors and Passport Copies of ForeignDirectors)

Annex (3) Bank Confirmation of the Shareholders; according to the above paragraph (1) and (2):

(1) Company Registration Certificate (Copy);

(2) National Registration Card (Copy) and Passport (Copy);

(3) Evidences about the business and financial conditions of the participants of the proposed investment business;

3. Type of proposed investment business:-

(a) Manufacturing :

(b) Service business related with Manufacturing: : **Dental Restorations**

(c) Service

(d) Others Export of the above mentioned products. :

Remark: Expressions about the nature of business with regard to the above paragraph (3)

4. Type of business organization to be formed:-

(a) One hundred percent : **NA**

(b) Joint Venture : Yes

(i) Foreigner and citizen : Yes 99% Foreign Investment + 1% Citizen investment

(ii) Foreigner and Government Department/ Organization: N/A

(c) By contractual basis : N/A

(i) Foreigner and citizen : N/A

(ii) Foreigner and Government Department/ Organization: N/A

5. Particulars relating to Company Incorporation

(a) Authorized Capital : **US Dollars 850,000**

(b) Type of Share :**US Dollars 850 / Ordinary Share**

(c) Number of Shares : **1000Shares**

Remark: Memorandum of Association and Articles of Association of the Company shall be submitted with regard to above Paragraph (5).

6. Particulars relating to capital of the investment business

(a) Amount/ Percentage of local capital to be contributed : **8500 US Dollar / 1%**

(b) Amount/ Percentage of foreign capital to be brought in: **US Dollars 841,500 / 99%**

Total **US Dollars 850,000**

(c) Annually or period of proposed capital to be brought in :**Within (1)Year**

(d) Last date of capital brought in :**One year after date of MIC Permit**

(e) Proposed duration of investment : **50 Years**

(f) Commencement date of construction: **Within 30 Days after received date of MIC Permit**

(g) Construction Period : **6 Months**

Remark: Describe with annexure if it is required for the above Paragraph 6 (c).

7. **Detail list of foreign capital to be brought in:-**

Foreign Currency

(a) Foreign Currency **: US$........225,146(Equity)**

(Type and Amount)

(b) Machinery and Equipment **:US $ ......378,790 (imported 100%)**

And value (to enclose detail list)**(Annex 1)**

(c) List of initial raw materials **: US $ ......237,564 (imported 100%)**

And value (to enclose detail list) **(Annex 2)**

(d) Value of license, Intellectual property, **N/A**

Industrial design, trade mark, patent rights, etc.

(e) Value of technical know-how : **N/A**

(f)Others

Total :US Dollars 841,500

Remark: The evidence of permission shall be submitted for the above Paragraph 7 (d) &(e).

8. **Details of local capital to be contributed**

(a)	Cash	8,500 US Dollar
(b)	Value of Machinery and Equipment (to enclose detail list)	N/A
(c)	Rental Rate for building/ land	N/A
(d)	Cost of building construction	N/A
(e)	Value of furniture and assets (to enclose detail list)	N/A
(f)	Value of initial raw material requirement (to enclose detail list)	N/A
(g)	Others	N/A

Total investment amount 850000 US Dollar

9. **Particulars about the investment business**

(a) Investment location (s)/ place :

(b) Type and area requirement for land or land and building

(i) Location : Mentioned in above Para (a).

(ii) Number of land/ building and area: ……**one**….. ……. ……………

(iii) Owner of the land :

(aa) Name/ Company/ Department .

(bb) National Registration Card No. : .. … …… …. . .. . .

(cc) Address : **130 A Pyay Road 10 Miles Insein Township, Yangon. Republic of the Union Myanmar.**

(iv) Type of land : **Grant**

(v) Period of land lease contract : 60 years

(vi) Lease Period : 10 years…………………………

(vii) Lease Rate

(aa) Land : **US $ 5,000** per month

(bb) Building : inclusive

(viii) Ward **: Saw Bwa Gyi Gone**

(ix) Township : **Insein Township**

(x) State/ Region : **Yangon,**

(xi) Lessee : Daw Win Win Htay

(aa) Name/ Name of Company/ Department: **WORLD LAB Myanmar Co. Ltd**

(bb) Father's Name : N/A

(cc) Citizenship : N/A

(dd) ID No./Passport No. : N/A

(ee) Residence Address :

Remark: Following particulars have to be enclosed for above Paragraph 9 (b).

(i) Enclosed land map, land ownership and ownership evidences;

(ii) Draft land lease agreement, recommendation from the Union Attorney General Office if the land is related to the State;

(c) Requirement of building to be constructed:

(i) Type/ Number of building :

(ii) Area :

(d) Product to be produced

(1) Name of Product/s: .... (Attached in (Annex 3) (Products picture)

(2) Estimate Amount to be produced annually : (Annex 4) (Business Plan)

(3) Type of Service :..................................

(4) Estimate Value of Service Annually : Annex (4.) (Business Plan)

Remark: Detail list shall be enclosed with regard to the above Para 9 (d).

(e) Annual Requirement of materials/ raw materials

Remark: According to the above Para 9 (e) detail list of products in terms of type of products, quantity, value, technical specifications for the production shall be listed and enclosed.

(f)	Production system	:	N/A
(g)	Technology	:	N/A
(h)	System of Sales	:	Export and Domestically Sales
(i)	Annual Fuel Requirement	:	NA (to prescribe type and quantity)
(j)	Annual Electricity Requirement	:	270,000 KWhr
(k)	Annual Water Requirement	:	500,000 liter

(to prescribe daily requirement, if any)

10. Detail Information about financial standing - ....

(a) Name/ Company's Name :MR.KOJI YAMAKAWA

WORLD LAB INC

(b) ID No./National Registration Card No./: TZ 0661898

Passport No

(c) Bank Account No. : #1475239

#8799960

Remark: Enclosed bank statement from resident country or annual audit report of the principal company with regard to the above Para (10).

11. Number of personnel required for the proposed economic activity:-

(a) Local Personnel : **(47) Number (96%)**

(b) Foreign experts and technicians : **(2) Number (4%)**

(Engineer, Buyer and Management etc. based on the nature of business and required period). Annex(5)

Remark: As per Para 11 the following information shall be enclosed:-

(i) Number of Personnel, Occupation, Salary, etc.
(ii) Social Security and Welfare Arrangements for Personnel;
(iii) Family Accompany with foreign employee

12. Particulars relating to economic justification:-

Foreign Currency 1 USD Equivalent 1200 Estimated Kyat

(a) Annual Income : Annex (4)

(b) Annual Expenditure : Annex (4)

(c) Annual Net Profit : Annex (4)

(d) Yearly Investments : Annex (4)

(e) Recoupment Period : 9 year (Annex-6)

(f) Other Benefits

(to enclose detail calculations)

13. Evaluation of Environmental Impact:-

(a) Organization for Evaluation of Environmental Assessment;

(b) Duration of the Evaluation for Environmental Assessment;

(c) Compensation Programme for Environmental Damages;

(b) Duration of the Evaluation for Environmental Assessment;

(c) Compensation Programme for Environmental Damages;

(d) Water Purification System and Waste Water Treatment System;

(e) Waste Management System;

(f) System for storage of chemicals

14. Evaluation on Social Impact Assessments:

(a) Organization for evaluation of social impact assessments;

(b) Duration of the evaluation of social impact assessments;

(c) Corporate Social Responsibility Program;

Signature------------------------

Name KENICHI MINAMI

The Promoter

WORLD LAB Myanmar Co.,Ltd.

WORLD LAB

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ရန်ကုန်မြို့။

ရက်စွဲ။ ။၂၀၁၆ခုနှစ်၊ဇွန်လ(၁၆)ရက်

အကြောင်းအရာ ။ ။ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏သဘောထားများကိုလိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်းဝန်ခံကတိပြုခြင်း။

WORLD LAB Myanmar Company Limited အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံသို့ ဝန်ခံကတိပြုပါသည်။

Kanichi Minami
Managing Director
WORLD LAB Myanmar Co., Ltd.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ် ။ ။ ၇က-၅(အ)/န-၀၁၈/၂၀၁၆ (၂၇၀)
ရက်စွဲ ။ ။ ၂၀၁၆ ခုနှစ်၊ မေလ ( )ရက်

အကြောင်းအရာ ။ ။ **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ပြုလုပ်ရန် တင်ပြခြင်းကိစ္စ။**

World Lab Myanmar Co.,Ltd ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီး ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၁၃၀-က) တည်ရှိသော မြေကော (ဝ. ၁၂၆)တွင် Dental Restorations လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ပြုလုပ်ရန် တင်ပြခြင်းကိစ္စ** ကို ရေးဆွဲရန် E Guard Environmental Services Co.,Ltd နှင့် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့တွင် လေ့လာမှုလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အဆိုပါလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် ပေးပို့နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

Kanichi Minami
Managing Director
WORLD LAB Myanmar Co., Ltd.

မိတ္တူ -

ပြည်ထောင်စုဝန်ကြီးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊
လက်ခံ။

E Guard Environmental Services Company Limited
No.99, MyaKanThar Lane, NyeinChanYay Street, 10 Miles, Pyay Road, Sawbwargyigone Quarter,
Insein Township, Yangon 11011, the Republic of the Union of Myanmar.
Tel: 95 1 667953, 95 9 421108946, Email info@eguardservices.com www.eguardservices.com

သို့

Mr. Kanichi Minami
Managing Director
World Lab Myanmar Co., Ltd.

စာအမှတ်။ ။ 0126/ E Guard/ WLM/ 2016
ရက်စွဲ ။ ။ ၂၀၁၆ ခုနှစ်၊ မေလ၊ (၂) ရက်၊

အကြောင်းအရာ ။ ။ လုပ်ငန်းစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တင်ပြခြင်း၊

၁။ World Lab Myanmar Co., Ltd. နှင့် E Guard Environmental Services Co., Ltd. တို့ ၂၀၁၆ ခုနှစ်၊ ဧပြီလ၊ (၂၂) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၁၃၀-က)ရှိ မြေဧရိယာ (၀.၁၂၆)ကေတွင် Dental Restorations လုပ်ငန်းအတွက် လိုအပ်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲရန် စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

၂။ အဆိုပါဆန်းစစ်ခြင်းလုပ်ငန်းများအား ၂၀၁၆ခုနှစ်၊ ဧပြီလ၊ (၂၈)ရက်နေ့တွင်စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

29/04/2016

Soe Min
Director
E guard Environmental Services

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အဆိုပြုချက်စိစစ်ရေးအဖွဲ့

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

☎ ...၆၅၈၁၃၀
📠 ၉၅၁-၆၅၈၁၄၂

စာအမှတ်၊ရက-၅(အ)/န-၀၁၈/၂၀၁၆ (၂၃၁)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် မတ်လ ၂၈ ရက်

အကြောင်းအရာ။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်တင်ပြရန်ကိစ္စ**

ရည်ညွှန်းချက်။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅-၃-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ရက- ၅(အ)/န-၀၁၈/၂၀၁၆ (၁၆၅)

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏(၂၄-၃-၂၀၁၆) ရက်စွဲပါစာအမှတ် ၀၀၁/MIC(OSS)/၀၁(၁၁၀/၁၆)

၁။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် World Lab Myanmar Company Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၉၄ ၊အမှတ်- ၁၃၀(က) ရှိ မြေ(ပ.၁၂၆) ဧကတွင် Dental Restorations လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလာခြင်းအား ရည်ညွှန်းချက်(၁)ပါစာဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံခဲ့ပါသည်။

၂။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ရည်ညွှန်းချက်(၂)ပါစာဖြင့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောထားမှတ်ချက် ပြန်ကြားလာပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးအကျိုးပြုလုပ်ငန်းများ တာဝန်ခံ ဆောင်ရွက်မှု(Corporate Social Respon -sibility-CSR) အတွက် အသားတင်အမြတ်ငွေ၏ (၂%) အား အသုံးပြုခြင်း အပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊

ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) အား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည် ဖော်ဆောင်ရွက်ရန်၊

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၃။ သို့ဖြစ်ပါ၍ World Lab Myanmar Company Limited အနေဖြင့် အထက်စာပိုဒ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မည့် အစီအစဉ်များအား ကော်မရှင်သို့ ပြန်လည်တင်ပြပါရန် အကြောင်းကြားပါသည်။

အဖွဲ့ခေါင်းဆောင်(ကိုယ်စား)
(လင်းထွဋ်၊ ညွှန်ကြားရေးမှူး)

World Lab Myanmar Company Limited
အမှတ်-၁၃၀(က)၊ ၈ မိုင်၊ ပြည်လမ်း၊ စော်ဘွားကြီးကုန်း ရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးလက်ခံ/ မျှောစာတွဲ

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊၀၀၁/ MIC(OSS) /၀၁(၁၁၀ / ၁၆)
ရက် စွဲ ၊၂၀၁၆ခုနှစ် မတ် လ ၂၄ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **World Lab Myanmar Company Limited မှ Dental Restoration လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၅-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/ န-၀၁၈/ ၂၀၁၆(၁၆၅)

၁။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် World Lab Myanmar Company Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၄၊ အမှတ်-၁၃၀(က)၊ မြေ ၀.၀၁၂၆ဧကပေါ်တွင် Dental Restoration လုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းကိစ္စနှင့် ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့်အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုအဆိုပြုသက်တမ်းမှာ(၁၀)နှစ်ဖြစ်ပြီး၊ တည်ဆောက်ရေးကာလမှာ(၆)လဖြစ်ကြောင်း၊ ပလပ်စတစ်သွားနှင့်စိုက်သွားများကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ မီးဘေးကာကွယ်ရေးစီမံချက်၊ ဝန်ထမ်းများသက်သာချောင်ချိရေး အစီအစဉ်များကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏ (၂%)အား လူမှုရေးအကျိုးပြုလုပ်ငန်းများ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility– CSR)လုပ်ငန်းများတွင်ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုများကို ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် Waste Water Treatment System ကို အသုံးပြုဆောင်ရွက်

